**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဝင်ငွေခွန်ကြေညာလွှာ/ လစာနှစ်ချုပ်စာရင်း/ကုန်သွယ်လုပ်ငန်းခွန် နှစ်ချုပ်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ်။** ကြေညာလွှာ ပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ်(စာရင်းပြုစုရမည့်ကာလ) သတ်မှတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ဘဏ်များအပါအဝင် ငွေရေးကြေးရေး အဖွဲ့အစည်းများအတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်အထိကာလ၊

(ခ) ကျန် တစ်ဦးချင်းပုဂ္ဂိုလ် နှင့် ပုဂ္ဂိုလ်စု၊ အဖွဲ့အစည်းများအတွက် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်အထိကာလ၊

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စီမံခန့်ခွဲမှုကို ဆောင်ရွက်နေသောရုံးတွင် တင်သွင်းရန်ဖြစ်ပြီး အခွန်ထမ်းသစ် ကုမ္ပဏီဖြစ်ပါက နိုင်ငံခြားကုမ္ပဏီကို အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၂)တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာကုမ္ပဏီဖြစ်ပါက အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၄)တွင်လည်းကောင်း၊ မန္တလေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြန်မာ ကုမ္ပဏီဖြစ်ပါက အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၅)တွင် လည်းကောင်း၊ ကျန်တိုင်းဒေသကြီး/ပြည်နယ်ရှိ မြန်မာကုမ္ပဏီဖြစ်ပါက ဆိုင်ရာ မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံးများတွင်လည်းကောင်း၊ တစ်ဦးချင်းအခွန်ထမ်းဖြစ်ပါက ဆိုင်ရာ မြို့နယ်အခွန် ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း တင်သွင်းရန်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း (၂)မျိုးဖြင့် တင်သွင်းနိုင်ပါသည်-

(က) **လူကိုယ်တိုင် ပေးပို့ တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ် ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ခ) **စာတိုက်မှပေးပို့ခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါ နေ့ရက်တွင်လည်းကောင်း တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာဖြည့်စွက်ရန် လိုအပ်ပါသည်။

၅။ ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုး တင်သွင်းရမည် ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲ လက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

၆။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ(၂)ရက် (ကြာသပတေးနေ့) ဖြစ်ပါသည်။

(မှတ်ချက်။ သက်ဆိုင်ရာဥပဒေများအရ ကြေညာလွှာ တင်သွင်းရမည့် နောက်ဆုံးနေ့ဖြစ်သော (၃၁-၁၂-၂၀၁၉) ရက်၊ အင်္ဂါနေ့သည် နိုင်ငံတကာ နှစ်သစ်ကူး အကြိုနေ့ ရုံးပိတ်ရက်ဖြစ်ပြီး (၁-၁-၂၀၂၀) ရက်၊ ဗုဒ္ဓဟူးနေ့ သည်လည်း နိုင်ငံတကာ နှစ်သစ်ကူးရုံးပိတ်ရက် ဖြစ်သောကြောင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က)အရ ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်ဖြစ်သည့် ၂-၁-၂၀၂၀ နေ့ကို သတ်မှတ်ခြင်း ဖြစ်ပါသည်။)

၇။ **ဒဏ်ကြေးငွေ။** အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန် ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေ နှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည်-

(၁) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့ရက်မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှု ပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက် ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(၂) ငွေကျပ်တစ်သိန်း။

(ခ) အကယ်၍ အခွန်ကြေညာလွှာတွင် မမှန်ကန်သောဖော်ပြချက်တစ်ခု သို့မဟုတ် အခွန်လျော့နည်းစေသော သော့ချက်တစ်ခုခုအား ချန်လှပ်ထားခဲ့ခြင်းတို့ကို အခွန်ထမ်းက ကြိုတင်ကြံရွယ်ချက်ဖြင့်ပြုလုပ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်း

ဖြစ်ပါက အောက်ပါအတိုင်း ယင်းငွေတစ်ရပ်ရပ်ကို ပေးဆောင်ရမည်ဖြစ်ပါသည် –

(၁) လျော့နည်းပေးဆောင်သည့်အခွန်သည် ကျပ်သိန်း တစ်ထောင်အောက်ဖြစ်လျှင် သို့မဟုတ် ပေးဆောင်ရမည့်အခွန်၏ ၅၀ ရာခိုင်နှုန်း အထက်မကျော်လွန်လျှင် လျော့နည်းပေးဆောင်ရမည့် အခွန်ပမာဏ၏ ၂၅ ရာခိုင်နှုန်း

(၂) လျော့နည်းပေးဆောင်သည့် အခွန်ပမာဏသည် ကျပ်သိန်းတစ်ထောင်ထက်ကျော်လွန်လျှင် သို့မဟုတ် ပေးဆောင်ရမည့် အခွန်၏ ၅၀ ရာခိုင်နှုန်းထက်ကျော်လွန်လျှင် လျော့နည်းပေးဆောင်သည့် အခွန်ပမာဏ၏ ၇၅ ရာခိုင်နှုန်း။

## ဝင်ငွေခွန်ကြေညာလွှာ

၈။ **ကြေညာလွှာတင်သွင်းရန် တာဝန်ရှိသူ။** ဝင်ငွေခွန် စည်းကြပ်မှုခံယူမည့် ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်း၊ သမဝါယမအသင်း၊ ယင်းအသင်းနှင့် စုပေါင်းလယ်ယာအဖွဲ့များ၊ တစ်ဦးချင်းပုဂ္ဂိုလ်(လစာခေါင်းစဉ်မှဝင်ငွေသာ ရရှိသူမပါ)၊ တစ်ဦးချင်းပုဂ္ဂိုလ်တို့ စုပေါင်းထားသည့် အဖွဲ့အစည်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်၍ဖွဲ့စည်းထားသည့် အဖွဲ့အစည်း (သို့မဟုတ်) အသင်းအဖွဲ့တို့သည် ဝင်ငွေနှစ်အတွင်း ဝင်ငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ငွေခွန်ကြေညာလွှာ သတ်မှတ်ရက်အတွင်း တင်သွင်းရန် လိုအပ်ပါသည်။ လစာခေါင်းစဉ်မှဝင်ငွေသာ ရရှိသူဖြစ်ပါက ကြေညာလွှာတင်သွင်းရန် မလိုအပ်ပါ။

၉။ **ပူးတွဲတင်သွင်းရန်။** အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)ရှိ အခွန်ထမ်းဖြစ်ပါက သတ်မှတ်ကြေညာလွှာပုံစံ၌ ဖော်ပြပါရှိသော ညွှန်ကြားချက်များကို သေချာစွာ ဖတ်ရှုလိုက်နာ ဆောင်ရွက်ရန်ဖြစ်ပြီး ဘဏ္ဍာရေးရှင်းတမ်းတင်သွင်းရန် မလိုအပ်ပါ။

(ခ) ကျန်ရုံးများမှ အခွန်ထမ်းဖြစ်၍ စီးပွားရေးလုပ်ငန်းမှဝင်ငွေ ရရှိသူဖြစ်ပါက ထားရှိရမည့်စာရင်းများ အပါအဝင်ဖြစ်သော သက်ဆိုင်ရာနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းတစ်စောင်ကို ဝင်ငွေခွန်ကြေညာလွှာနှင့် ပူးတွဲတင်ပြရန် လိုအပ်ပါသည်။

**လစာနှစ်ချုပ်စာရင်း**

၁၀။ အလုပ်ရှင်သည် မိမိဝန်ထမ်းများအတွက် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀)ရက်အထိ (၆)လတာ ကာလအတွက် လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ သတ်မှတ်ရက်အတွင်း ပေးပို့ရန် လိုအပ်ပါသည်။

**ကုန်သွယ်လုပ်ငန်းခွန်နှစ်ချုပ် ကြေညာလွှာ**

၁၁။ **နှစ်ချုပ်ကြေညာလွှာ တင်သွင်းရန် တာဝန်ရှိသူ။** သတ်မှတ်ကာလအတွင်း စည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေ ရရှိသူ မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ (သို့မဟုတ်) နှစ်ချုပ် ဝန်ဆောင်မှုကြေညာလွှာကို သတ်မှတ်ရက်အတွင်း အချိန်မီတင်သွင်းရန် လိုအပ်ပါသည်–

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊

(ခ) ကုန်စည်တင်သွင်းခြင်း၊

(ဂ) ကုန်သွယ်မှုဆောင်ရွက်ခြင်း၊

(ဃ) ဝန်ဆောင်မှုဆောင်ရွက်ခြင်း။

၁၂။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာရုံးများနှင့် ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံး များကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် –

(က) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်၊ ၄၆ ပြည်တွင်းအခွန် များဦးစီးဌာန၊ ဖုန်းနံပါတ်– ၀၆၇–၃၄၃၀၅၃၃ ၊ ၀၆၇–၃၄၃၀၅၂၂၊

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁ ၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်– ၀၁–၃၇၈၃၇၀၊ ၀၁–၃၇၈၃၇၂၊

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား ၊ ဖုန်းနံပါတ် – ၀၂–၄၀၃၀၁၉၂

(ပုံ) မင်းထွဋ်

ညွှန်ကြားရေးမှူးချုပ်

ပြည်တွင်းအခွန်များဦးစီးဌာန